# CALHOUN COUNTY, MICHIGAN
## JOINT OPERATIONS CENTER
*COVID-19 Unified Response*

## Joint Information Center
**(ပူးတွဲသတင်းအချက်လက်များစင်တာ)**

၂၀၂၁ ခုနှစ်ဇွန်လ ၉၊ ဗုဒ္ဓဟူးနေ့

၂၀၂၁ ခုနှစ်ဇွန်လ ၉ ရက်နေ့၊ ဗုဒ္ဓဟူးနေ့နံနက် ၈ နာရီသတင်းအရ Calhoun ကောင်တီ/ခရိုင်တွင် အတည်ပြုပြီးသော COVID-19 ဖြစ်ပွားမှု စုစုပေါင်း ၁၂၃၆၀ ဦး နှင့် ဗိုင်းရပ်စ်(virus)ကြောင့် သေဆုံးခဲ့သူ စုစုပေါင်း ၂၉၃ ဦး ရှိကြောင်း Calhoun ကောင်တီ/ခရိုင်ပြည်သူ့ကျန်းမာရေး ဦး စီးဌာန (CCPHD) မှအစီရင်ခံခဲ့ပြီး ဖြစ်သည်။ နောက်ဆုံးရသတင်း အသစ် များကို တနင်္လာနေ့မှ သောကြာနေ့အထိ တစ်နေ့တစ်ကြိမ် www.calhouncountymi.gov တွင် တင်ပြလျက် ရှိပါသည်။

**COVID-19 ကာကွယ်ဆေးနှင့်ပတ်သက်သောအကြောင်းအရာများ**

၂၀၂၁ ခုနှစ်ဇွန်လ ၉ ရက်နေ့အထိ ပြည်နယ်ကာကွယ်ဆေးဆိုင်ရာ dashboard မှဖော်ပြချက်အရ ပြည်သူ့ကျန်းမာရေးဌာနမှသာမက အရင်းမြစ်အမျိုးမျိုးမှ Calhoun ကောင်တီ/ခရိုင်တွင်နေထိုင်သူများအား ဆေးပမာဏ ၉၆,၅၈၇ ကို ထိုးပေးခဲ့ပြီးဖြစ်သည် ။

ပြည်သူ့ကျန်းမာရေး ဦး စီးဌာနမှတ်တမ်းအရ Calhoun ကောင်တီ/ခရိုင်တွင် ၂၀၂၁ ခုနှစ်ဇွန်လ ၇ ရက်နေ့ထိ စုစုပေါင်းကာကွယ်ဆေး ထိုးပြီးသား စာရင်းမှာ ပထမဆေးထိုးပြီးသူ ၂၀,၇၆၀ ဦး နှင့် ဒုတိယဆေးထိုးပြီးသူ ၁၈,၁၂၉ ဦး ရှိပြီးဖြစ်သည်။ လွန်ခဲ့သောရက်သတ်တစ်ပတ်ဖြစ်သည့် မေလ ၃၀ မှ ဇွန်လ ၅ ရက်အတွင်း ကာကွယ်ဆေးပမာဏ ၆၀ ခု ထူးပေးခဲ့ကြောင်း ပြည်သူ့ကျန်းမာရေး ဦး စီးဌာနမှမှတ်တမ်းတင်ထားသည်။ ကျွန်ုပ်တို့ ပထမကာကွယ်ဆေး ထိုးပြီးသားစာရင်းတွင် CCPHD မှထိုးပေးသော ကာကွယ်ဆေး အမျိုးအစားများဖြစ်သော Pfizer, Moderna or Johnson & Johnson ထဲမှ တစ်ခုခုထိုးပြီးသော သူများအားလုံးပါဝင်သည်။

Calhoun ကောင်တီ/ခရိုင်.အစီရင်ခံချက်အရ လူဦးရေစုစုပေါင်း. ၄၈.၃ % က Covid-19 ပထမကာကွယ်ဆေး ထိုးပြီး၊ ၄၂.၉% ကဆေးနှစ်ခါထိုးပြီးပြီဖြစ်သည်။ ရည်ရွယ်ချက်မှာ Calhoun ကောင်တီ/ခရိုင် တွင်နေထိုင်သူ ၇၀% ကိုကာကွယ်ဆေးထိုးပေးရန်ဖြစ်သည်။

**ကာကွယ်ဆေး ထိုးနိုင်သောဆေးခန်းများ.အချိန်ဇယားများ**

**ဇွန်လ ၁၀ရက်၊ ကြာသပတေးနေ့ ညနေ ၃ နာရီမှ ၆ နာရီအထိ၊** Kellogg Community College, North Parking Lot, 450 North Ave., Battle Creek, MI 49017. Pfizer ကာကွယ်ဆေး၊ ၁၂ နှစ်နှင့်အထက်။ J&J ကာကွယ်ဆေးကို ၁၈ နှစ်နှင့်အထက်အလိုရှိလျှင်တောင်းဆိုနိုင်သည်။ သင်၏ပထမဆုံးဆေးထိုးရန်အတွက် ချိန်းဆိုမှု များမလိုအပ်ပါ။ Pfizer ကာကွယ်ဆေး၏ဒုတိယဆေးကို ဇူလိုင်လ ၁ ရက်၊ ကြာသပတေးနေ့တွင် ညနေ ၃-၆နာရီ ၌ထိုးပေးလိမ့်မည်။ (Drive-thru)

**ဇွန်လ ၁၂ ရက်၊ စနေနေ့ မနက် ၉ နာရီမှ နေ့လည်၁ နာရီအထိ၊** Homer High School, 403 S. Hillsdale, Homer, MI. Pfizer ကာကွယ်ဆေး၊ ၁၂ နှစ်နှင့်အထက်။ J&J ကာကွယ်ဆေးကို ၁၈ နှစ်နှင့်အထက် အလိုရှိလျှင်တောင်းဆိုနိုင်သည်။ ပထမဆေးထိုးရန်ရက်ချိန်းယူရန်မလို၊ Pfizer ကာကွယ်ဆေး၏ ဒုတိယဆေးထိုးမှုကို ပထမဆေးထိုးသောနေ့မှ ၂၁ရက် ကြာပြီးနောက်ပိုင်းတွင်ထိုးနိုင်သည်။ ရက်ချိန်အတွက် CCPHD ကို ဆက်သွယ်ပါ။ (Drive-Thru)

· **ဇွန်လ၁၅ ရက်၊ အင်္ဂါနေ့ ညနေ၃ နာရီမှ ၆ နာရီအထိ,** Minges Creek Parking Lot, 5700 Beckley Rd, Battle Creek, MI 49015. Pfizer ကာကွယ်ဆေး၊ ၁၂ နှစ်နှင့်အထက်။ J&J ကာကွယ်ဆေးကို ၁၈ နှစ်နှင့်အထက် အလိုရှိလျှင်တောင်းဆိုနိုင်သည်။ ရက်ချိန်းယူရန်မလိုပါ။ (Drive-thru)

**ဇွန်လ၁၉ရက်၊ စနေနေ့ နေ့လည် ၁နာရီမှ ညနေ၄နာရီခွဲအထိ၊** Holland Park, 100 N Albion St, Albion, MI. Pfizer ကာကွယ်ဆေး၊ ၁၂ နှစ်နှင့်အထက်။ J&J ကာကွယ်ဆေးကို ၁၈ နှစ်နှင့်အထက် အလိုရှိလျှင် တောင်းဆိုနိုင်သည်။ ရက်ချိန်းယူရန်မလိုပါ။

CCPHD မှ Covid 19 ကာကွယ်ဆေးကို ရက်ချိန်းယူခြင်းဖြင့်သာ Toeller Building (190 E Michigan Ave, Battle Creek) နှင့် Albion Health Department (214 E Michigan Ave, Albion) နှစ်နေရာတွင် ထိုးပေးသွားမည်ဖြစ်ကြောင်း သတိပေးလိုပါသည်။ နှစ်နေရာလုံးကမ်းလှမ်းထားသောအချိန်ဇယားမှာ တနင်္လာနေ့ မှ ကြာသပတေးနေ့၊ နံနက် ၇ နာရီမှ ၁၂ နာရီခွဲအထိ၊ ညနေ ၁ နာရီမှ ၄ နာရီခွဲအထိ၊ ထို့အတူ သောကြာနေ့ နံနက် ၈နာရီမှ နေ့လည်ထိ ဖြစ်သည်။ Toeller Building ဖုန်းနံပါတ် 269-969-6363 နှင့် Albion Health Department ဖုန်းနံပါတ် 517-629-9434 သို့ဆက်သွယ်ပြီးရက်ချိန်းယူပါ။




Calhoun ခရိုင် ၏ ကာကွယ်ဆေးကြိုးစားအားထုတ်မှုကို calhouncountymi.gov/covidvaccine တွင် ဆက်လက်ပူးပေါင်းကူညီကြပါစို့ ။

**Calhoun ခရိုင်တရားရုံးများအဆင့်သုံးသို့ရောက်ရှိ**

ဗိုင်းရပ်စ်ကူးစက်မှုနှုန်းကျဆင်းလာခြင်းကြောင့် Calhoun ခရိုင်တရားရုံးများအား ပြည်နယ်တရားရုံး အုပ်ချုပ်ရေးရုံး (SCAO) မှ၎င်းကိုပြန်လည်ဖွင့်လှစ်ခြင်းအဆင့် (၃) သို့ပြောင်းရန်အတည်ပြုခဲ့သည်။ ဆိုလိုသည်မှာ တရားရုံး အချို့မှဝင်ရောက်ခွင့်ကန့်သတ်ထားသော်လည်း တရားရုံးများသည် ဂျူရီလူမှု အမှုစစ်ဆေးမှုများတွင် ပါဝင်ရန် လုပ်ငန်းများကိုတိုးချဲ့သွားမည်ဟုဆိုလိုသည်။ ဤလမ်းညွှန်အသစ်သည် မဖြစ်မနေမျက်နှာဖုံးအုပ်ရန် မူဝါဒ/ပေါ်လစီဖြစ်သည်။ တရားရုံးသို့ လာသောဧည့်သည်များသာမက ဝန်ထမ်းများအားလုံးသည် Battle Creek ရှိ Justice Center ၏တရားရေးခန်းမနှင့် ကြားနာခန်းများ၌ မျက်နှာဖုံးတပ်ရန်လိုအပ်သည်။

တရားရုံး များသည် ဇွန်လ ၁၄ ရက်၊ တနင်္လာနေ့တွင် Probate တရားရုံးတွင် တစ်နှစ်ကျော်အတွင်း ပထမဆုံး ဂျူရီရုံးတင် စစ်ဆေးမှုကိုပြုလုပ်သွားမည်ဖြစ်သည်။ လက်ရှိတွင်တရားရုံးများသည် တရားရေးစင်တာရှေ့တံခါးများကို သော့ ဖွင့်ရန်မျှော်လင့်ထားပြီး အင်္ဂါနေ့၊ ဇူလိုင် ၆ ရက်မှစပြီး ဧည့်သည်အားလုံးအား ဖွင့်ပေးမည်ဟု မျှော်လင့် သည်။ တရားရုံးအပြည့်အဝပြန်လည်ဖွင့်လှစ်ခြင်းနှင့်ဆိုင်သော နောက်ဆုံးသတင်းများကို ဇွန်လတွင် ထုတ်ပြန် ပါလိမ့်မည်။

တရားရုံးများသည် မျက်နှာဖုံးကိုဝတ်ခြင်းမှကင်းလွတ်လိုသော ဝန်ထမ်းများအား ကာကွယ်ဆေး ထိုးပြီးကြောင်းအထောက်အထားပြရန်ခွင့်ပြုထားပြီး ထိုသူများသည်မျက်နှာဖုံး ဝတ်ရန် မလိုအပ်ပါ။ ဝန်ထမ်းမဟုတ်သော ဧည့်သည်အားလုံးသည် ကာကွယ်ဆေးထိုးပြီးပြီးမပြီးပြီး Justice Center ရှိတရားရုံး ဧရိယာအတွင်းတွင် မျက်နှာဖုံးမဖြစ်မနေတပ်ဆင်ရပါမည်။ အခြားဆက်လက်လိုက်နာနေသော COVID-19 လုပ်ထုံးလုပ်နည်းများတွင် လူတစ်ဦးနှင့်တစ်ဦး ၆ ပေအကွာတွင်နေခြင်းပါ ဝ င်ပြီး ဝ န်ထမ်းများအနေဖြင့် အဆောက်အအုံတွင်းသို့ မဝင်မီကျန်းမာရေးစစ်ဆေးခြင်းအက်ပလီကေးရှင်းကိုဖြည့်စွက်ရန်လိုအပ်သည်။

**မီချီဂန်စီးပွားရေးလုပ်ငန်းများအတွက် COVID-19 ဘေးကင်းလုံခြုံမှုဆိုင်ရာထောက်ပံ့ငွေအစီအစဉ်**

စီးပွားရေးပုံမံ ပြန်လည်ပတ် လာသည်နှင့်အမျှအလုပ်ရှင်များသည် ဝန်ထမ်းများ၊ ဖောက်သည်များနှင့် လူမှုအသိုင်းအဝိုင်းများကို COVID-19 မှ လုံခြုံမှုရှိစေရန် ကြိုးပမ်းလာသောအခါမီချီဂန်ပြည်နယ်သည် မီချီဂန် COVID-19 ဘေးကင်းလုံခြုံရေးထောက်ပံ့မှုအစီအစဉ်အတွက်နောက်ထပ်ရန်ပုံငွေထပ်မံပေးခဲ့သည်။ ဤထောက်ပံ့ငွေများသည် အသေးစားစီးပွားရေးလုပ်ငန်းများထောက်ပံ့မည်ဖြစ်ပြီး၊ ရသင့်ရထိုက်သော ကလေးစောင့်ရှောက်ရေး စင်တာများအပါအဝင် COVID-19 ပြန့်ပွားမှုအန္တရာယ်ကိုလျှော့ချရန် ရန်ပုံငွေ $၁၀,၀၀၀ ထိ ဘေးကင်းလုံခြုံ ပြီး ကျန်းမာရေးနှင့်ဆိုင်သော စက်ကိရိယာများဝယ်ယူခြင်းနှင့် သင်တန်းတက်၍လေ့ကျင့်ခြင်းအတွက် ပေးရန်ဖြစ်သည်။

"အလုပ်သမားများ၊ ဖောက်သည်များ နှင့်လူမှုအသိုင်းအဝိုင်းများ COVID-19 မှ လုံခြုံမှုရှိစေရန် အလုပ်ရှင်များသည်သတိရှိနေရန်လိုအပ်သည်"ဟု မီချီဂန် COVID-19 အလုပ်ခွင်ဘေးကင်းလုံခြုံရေး ညွှန်ကြားရေးမှူး Sean Egan ကပြောခဲ့ပါသည်။ "ကျွန်ုပ်တို့သည်အစောပိုင်းထောက်ပံ့ငွေများဖြင့် အောင်မြင်မှု ရရှိခဲ့ကြောင်း နှင့်နောက်ထပ်ထောက်ပံ့ငွေဖြင့် မီချီဂန် ပြည်သူပြည်သားများကို လုံခြုံစေရန် ကူညီလိမ့်မည်ဟု ယုံကြည်သည်။"

ထောက်ပံ့ငွေပေးသောကာလသည် ဇွန် ၁၈၊ ၂၀၂၁ ရက် သောကြာနေ့နောက်ဆုံးဖြစ်သည်။ ထောက်ပံ့ငွေရန်ပုံငွေမကုန်မချင်းထောက်ပံ့ငွေကိုချီးမြှင့်သည်။ မီချီဂန် COVID-19 အန္တရာယ်ကင်းရှင်းရေး ထောက်ပံ့ငွေကို [www.Michigan.gov/COVIDWorkplaceSafety](http://www.Michigan.gov/COVIDWorkplaceSafety) တွင် လျှောက်လွှာကိုဖြည့်နိုင်သည်။

***

ပူးတွဲစစ်ဆင်ရေးစင်တာဆက်သွယ်ရေးအားလုံးကို လက်ခံရရှိရန်စာရင်းသွင်းပါ။

Calhoun ကောင်တီမှ ကောင်တီစစ်ဆင်ရေးနှင့် Calhoun ကောင်တီရှိ COVID-19 မှ နောက်ဆုံးရသတင်းများအတွက် ကောင်တီဝက်ဘ်ဆိုက် calhouncountymi.gov သို့ဝင်ရောက်ကြည့်ရှုပါ။

Battle Creek မြို့၏နောက်ဆုံးရသတင်းများကို ကျေးဇူးပြု၍ battlecreekmi.gov/coronavirus တွင်ကြည့်ရှုပါ။

ဗိုင်းရပ်စ်နှင့်ပတ်သက်သောမေးခွန်းများ သို့မဟုတ် စိုးရိမ်မှုများရှိသူ မည်သူမဆိုအတွက် ပြည်နယ်၏ COVID-19 Hotline မှ ဆက်သွယ်နိုင်ပါသည်။  Hotline ကို နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိတစ်ပတ်လျှင် ခုနစ်ရက်ဖွင့်သည်။ 1-888-535-6136 ကိုခေါ်ဆိုပါ။ ပြည်နယ် COVID-19 အချက်အလက်များအတွက် michigan.gov/coronavirus သို့သွားရောက်ကြည့်ရှုပါ။


သတင်းအချက်အလက်အတွက်ဆက်သွယ်ရန်

Lucy Blair, Calhoun County Communications Manager(ခရိုင်ဆက်သွယ်ရေး မန်နေဂျာ)

269-781-0926, lblair@calhouncountymi.gov

Victor Jovanovich, Public Health Department Communications Specialist (ပြည်သူ့ကျန်းမာရေး ဦးစီးဌာနဆက်သွယ်ရေးအထူးကု)

269-969-6469, vjovanovich@calhouncountymi.gov

Jessica Vanderkolk, City of Battle Creek Communications Manager (Battle Creek မြို့တော်ဆက်သွယ်ရေး မန်နေဂျာ)

269-966-3378, jlvanderkolk@battlecreekmi.gov